## အမှာစာ

ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာသမိုင်းအဖွဲ့၏ အတွင်းရေးမှူး၊ ဒေါက်တာကျော်ဝင်း၏ သုတေသနစာတမ်းများကို တစ်စုတစ်ဝေးတည်းလေ့လာနိုင်ရန်အတွက် ဒေါက်တာကျော်ဝင်း၏ လက်ရွေးစင်စာတမ်းများ (Selected Writings of Dr. Kyaw Win) စာအုပ်ကို ထုတ်ဝေလိုက်ပါသည်။ ဤစာအုပ်တွင် မြန်မာဘာသာဖြင့် ရေးသားထားသော သုတေသနစာတမ်း (၈) စောင်နှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထားသော သုတေသနစာတမ်း (၄) စောင်ပါဝင်သည်။

ဒေါက်တာကျော်ဝင်း၏ သုတေသနစာတမ်းများသည် ပြည်တွင်းနှင့် နိုင်ငံတကာ စာတမ်းဖတ်ပွဲများတွင် ဖတ်ကြားခဲ့သော စာတမ်းများဖြစ်သည်။ သုတေသနပြုခဲ့သော အကြောင်းအရာများမှာလည်း စုံလင်လှသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားဆက်ဆံရေး၊ မြန်မာအမျိုးသမီးတို့ ၏ ရွမ်းဆောင်ချက်များ၊ ရှေးဟောင်းသုတေသနဆိုင်ရာ သုဝဏ္ဏဘူမိမြို့ဟောင်းနေရာ ရှာဖွေခြင်းတို့ပါဝင်သည်။

"ရွှေတိဂုံမွေစေတီကျောက်စာပါ ရွှေတိဂုံစေတီတော်မြတ်သမိုင်း" စာတမ်းတွင် ဓမ္မစေတီကျောက်စာကို ကိုးကား၍ ရွှေတိဂုံစေတီတော်၏ မူလပုံသဏ္ဍာန်သည် မကိုင်းစေတီမဟုတ်ဘဲ ဂူဘုရားဖြစ်ပုံ၊ ဗညားဦးနောက်ပိုင်း မင်းအဆက်ဆက်တို့၏ ကြိုးစားအားထုတ်မှုကြောင့် လက်ရှိ ဉာဏ်တော် ၃၂၆ ပေအထိ ရောက်ရှိလာပုံနှင့် ကုန်သည်ညီနောင်နှစ်ဦးဖြစ်ကြသော တဖုဿနှင့် ဘလ္လိက တို့ မွေးဖွားရာဒေသကို အတိအကျဖော်ပြထားပုံတို့ကို တင်ပြထားသည်။

"ဂျပန်ခေတ် မြန်မာနိုင်ငံအုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ" စာတမ်းတွင် ဂျပန်တို့ လက်အောက်တွင် နေခဲ့ရစဉ်က မြန်မာနိုင်ငံအုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကို ယင်းတို့အလိုကျ ရေးဆွဲခဲ့ရပုံ၊ နိုင်ငံတော်အကြီး အကဲဖြစ်သူ နိုင်ငံတော်အဓိပတိအား အာဏာအပြည့်အဝပေးထားပုံ၊ အတိုင်ပင်ခံ လွှတ်တော်ဆိုသည့်အတိုင်း အကြံဉာဏ်သာပေးနိုင်ပုံ၊ ဥပဒေပြုခြင်းကို အဓိပတိကသာ ပြုလုပ်နိုင်ပုံ၊ အဓိပတိအာဏာသည် ပြည်သူ တို့ထံမှ သက်ဆင်းခြင်းမဟုတ်ဘဲ ဂျပန်အစိုးရနှင့် ဂျပန်စစ်အာဏာပိုင်တို့ထံမှ သက်ဆင်းခြင်းသာဖြစ်ပုံ၊ နိုင်ငံ၏ အချုပ်အခြာမဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို သီးခြားစီခွဲမထားဘဲ အဓိပတိလက်ထဲတွင်သာ စုပုံထားရှိပုံတို့ကို အခြေခံဥပဒေရှုထောင့်မှ တင်ပြထားသည်။

မြန်မာမင်းတို့ နန်းစိုက်ရာမြို့များတွင် တောင်ငူမြို့လည်း ပါဝင်သည်။ "ကေတုမတီ တောင်ငူနန်းမြို့ ဟောင်း" စာတမ်းတွင် မြို့များတည်ဆောက်ခြင်း အစဉ်အလာသည် ခရစ်နှစ်အစကပင် စတင်ခဲ့ပုံ၊ ကေတုမတီ တောင်ငူကို မင်းကြီးညိုက ၁၅၁၀ ပြည့်နှစ်တွင် တည်ခဲ့ပုံ၊ ကေတုမတီသည် အခြား ရှေးဟောင်းမြို့တော် များကဲ့သို့ စတုရန်းပုံသဏ္ဍာန်ဖြစ်ပုံ၊ မြို့တံခါးစုစုပေါင်း ၂၀ နှင့် သိမ်ပေါင်း ၂၀ ရှိပုံ၊ မြို့တော်အနေအထားသည် သေနင်္ဂဗျူဟာကျသဖြင့် ကြီးပွားတိုးတက်ခဲ့ပြီး မင်းကြီးညိုအား ဆက်ခံသူ သားတော် မင်းတရားရွှေထီးနှင့် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့လက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော် တည်ထောင်နိုင်ခဲ့ပုံတို့ကို တင်ပြထားသည်။

၁၆ ရာစုနှစ်တွင် တိုးတက်ကြီးပွားခဲ့သော တောင်ငူခေတ်သည် စီးပွားရေးအခြေခံ ကောင်းမွန်သဖြင့် တောင်ငူကို အခြေခံပြီး ဒုတိယမြန်မာနိုင်ငံကို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ "တောင်ငူခေတ် စီးပွားရေး (အေဒီ၁၅၀၀–၁၆၀၀)" စာတမ်းတွင် တောင်ငူမြို့၏ တည်နေရာအနေအထားသည် ထွာမြစ်၊ ပေါင်းလောင်း မြစ်နှင့် ခပေါင်းမြစ်တို့ဆုံသည့်နေရာတွင် တည်ရှိသဖြင့် စိုက်ပျိုးထွန်ယက်ရန် မြေဩဇာကောင်းမွန်သော ဒေသဖြစ်ပုံ၊ တောင်ငူခေတ်တွင် လယ်၊ ယာ၊ ကိုင်းနှင့် ဥယျာဉ် တို့ကို လုပ်ကိုင်ခဲ့ပုံ၊ မိုးလေဝသအခြေအနေ ကောင်းမွန်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းအောင် မြင်ခဲ့ပုံ၊ တောင်ငူခေတ် ပြည်သူတို့သည် ကုန်သွယ်ခြင်းလုပ်ငန်း ဖြစ်ထွန်းအောင်မြင်ခဲ့ပုံ၊ ပြည်တွင်း ကုန်သွယ်ရေးသာမက၊ ပြည်ပကုန်သွယ်ရေးလည်း ဖြစ်ထွန်းပုံတို့ကို သုတေသနပြုတင်ပြထားသည်။

မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံ နေထိုင်ခဲ့သည်။ "ပုဂံခေတ်တရုတ်–မြန်မာ ဆက်ဆံရေး (၁၀၀၀–၁၃၀၀) ဆက်ဆံရေး"စာတမ်းတွင် တရုတ်–မြန်မာဆက်ဆံရေးသည် ပျူခေတ်ကစတင်ပြီး ပုဂံခေတ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခဲ့ပုံ၊ ပုဂံခေတ်နရသီဟပတေ့မင်းလက်ထက်တွင် မွန်ဂိုတို့ ပုဂံနေပြည်တော်ကို တိုက်ခိုက်ခဲ့ရာ မြန်မာသံကိုယ်စား လှယ် ဒိသာပြမောက်ကိုယ်တိုင်သွားရောက်ပြီး မွန်ဂိုမင်းကြီးနှင့် တွေ့ဆုံ၍ တမန်စကားကို ကျွမ်းကျင် လိမ္မာစွာဖြင့် ပြောဆိုနိုင်သဖြင့် မွန်ဂိုတပ်များ ပြန်ရုပ်သိမ်းသွားပုံတို့ကို အဓိကထား ဖော်ထုတ်တင်ပြထားသည်။

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် သမိုင်းအစဉ်အလာကြီးမားပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပေါကြွယ်ဝသော မြန်မာနိုင်ငံ၏ တစ်ဆက်စပ်တည်းသော သမိုင်းကို ဖော်ထုတ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ သုတေသနလုပ်ငန်းမှ ပေါ်ထွက်လာသော ရလဒ်များသည် အနာဂတ်လူငယ်တို့အတွက် အသိအမြင်သစ်၊ အတွေးအခေါ်သစ်များ ရရှိစေပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားစရိုက်လက္ခဏာ မပျောက်ပျက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေးတို့အတွက် အထောက်အကူပြုစေလိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၏ လက်ရွေးစင်စာတမ်းများ (Selected Writings of Dr. Kyaw Win) စာအုပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဝေပေးနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။ ဤစာအုပ်သည် မြန်မာသမိုင်းဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ရှေးဟောင်းသုတေသန၊ နိုင်ငံခြားဆက်ဆံရေးအခြေအနေကို ဖော်ပြထားသဖြင့် သမိုင်းသုတေသီများအတွက် များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

(သန်းဆွေ)
ဒုတိယဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန
ဒုတိယဥက္ကဋ္ဌ၊ မြန်မာသမိုင်းအဖွဲ့

## မာတိကာ

### အပိုင်း (၁)


| | | |
|---|---|---|
| – | အမှာစာ | |
| – | စာရေးသူ၏ အတ္ထုပ္ပတ္တိ | |
| ၁။ | ဂျပန်ခေတ် မြန်မာနိုင်ငံအုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ (၁၉၄၃) | ၁ |
| ၂။ | တောင်ငူခေတ် လူမှုရေး | ၁၃ |
| ၃။ | ကေတုမတီတောင်ငူနန်းမြို့ဟောင်း | ၂၁ |
| ၄။ | တောင်ငူခေတ်စီးပွားရေး (အေဒီ ၁၅၀၀–၁၆၀၀) | ၃၃ |
| ၅။ | မြန်မာမင်းများအမှားတော်ပုံ လေ့လာဆန်းစစ်ခြင်း | ၄၃ |
| ၆။ | ရာမညဒေသမှ သုဝဏ္ဏဘူမိတည်နေရာရှာဖွေခြင်းနှင့် ဖော်ထုတ်ခြင်း | ၅၅ |
| ၇။ | ရာဇဝင်ထဲက ကေတုမတီ | ၆၉ |
| ၈။ | The Role of Myanmar Women in Anti-Colonialist Struggle | ၈၃ |
| ၉။ | Revealing and Finding the location of Suvannabhumi | ၁၀၃ |
| ၁၀။ | Japanese Studies in Myanmar Restrospect and Prospect | ၁၁၇ |
| ၁၁။ | Sino Myanmar Relation in the Bagan Period (1000-1300) | ၁၂၅ |
| ၁၂။ | ရွှေတိဂုံမွေစေတီကျောက်စာပါ ရွှေတိဂုံစေတီတော်မြတ်သမိုင်း | ၁၃၃ |